# ၁၉၅၆ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ၊*

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄။]
(၁၉၅၆ ခုနှစ်၊ မတ်လ ၁ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၂ တွင်၊ အပိုဒ် (က) အဆုံး၌၊ "ထိုစကားရပ်တွင် ဤအက်ဥပဒေ၏ ဇယား၌ ဖော်ပြထားသော မြေရာနှင့် အဆောက်အဦအားလုံးပါဝင်သည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၄ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "(ဈေးကြီး) ဟု ခေါ်တွင်သည့်မြေရာအဆောက်အဦ စသည်တို့" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၄။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၁၁ နောက်တွင် အောက်ပါဇယားကို ထည့်သွင်းရမည် —

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၁၀) ရက်၊ စာမျက်နှာ - ၄၀၆။

## "ဇယား"

ပုဒ်မ ၂ (က)။

| အမှတ်စဉ် | ဦးပိုင်အမှတ် | အုပ်စုအမှတ် | အကွက်အမှတ် | အရပ်အုပ်ပိုင် | မြေဧရိယာ | ပစ္စည်းအမျိုးအမည်<br>အဆောက်အဦမြို့စာရင်းအမှတ် |
|---|---|---|---|---|---|---|
| | ၃ | ၂၉ | ၃၈ | ဖက်တန်း | ၅ . ၁၈၂ | ၇၇ — အောက်လမ်းမကြီး၊ မီးလောင်ပြီးမြေလွတ်၊<br>၇၇(က)— အောက်လမ်းမကြီး၊ မီးမလောင်ဘဲကျန်ရစ်သောဖုံး ထိထားသည့်တိုက်တန်းလျား၊ |
| ၂ | ၁၃ | ၂၉ | ၃၇ | ဖက်တန်း | . ၃၁၁ | ၁ (က) — ကွန်မစ္စရီလမ်း၊ တစ်ထပ်အိမ်၊<br>၃ — ကွန်မစ္စရီလမ်း၊ နှစ်ထပ်တိုက်၊<br>၅ — ကွန်မစ္စရီလမ်း၊ နှစ်ထပ်တိုက်၊ |
| ၃ | ၁၄ | ၂၉ | ၃၇ | ၄င်း | . ၀၂၃ | ကွန်မစ္စရီလမ်း နှင့်အောက်လမ်းမကြီးထောင့်ရှိ နှစ်ထပ်တိုက်၊ |
| ၄ | ၁၅ | ၂၉ | ၃၇ | ၄င်း | . ၀၆၈ | ၄၇ — အောက်လမ်းမကြီး၊ နှစ်ထပ်တိုက်။ |

❖ ❖ ❖ ❖ ❖